ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
ပါတီဗဟိုဌာနချုပ်
P.O Box-6, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Office Phone/Fax: +66-53615908
Secretriat mobile: GS: (+66)999428659, S1: (+66) 895531296, S2: (+66) 650194009

# ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

# (၁၄) ကြိမ်မြောက်ပါတီကွန်ကရက်

# ထုတ်ပြန်ကြေညာချက်- ၀၁/၂၀၂၂

၁။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (၁၄) ကြိမ်မြောက်ပါတီကွန်ကရက်အား ကရင်နီပြည် ဒေသတစ်နေရာတွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၂၇) ရက်နေ့မှ ဒီဇင်ဘာလ (၃၀) ရက်နေ့အထိ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

၂။ ပါတီကွန်ကရက်တွင် (၁၃) ကြိမ်မြောက်ပါတီကွန်ကရက် သက်တမ်း (၄) နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့် ပါတီနှင့် အစိုးရ၏ လုပ်ငန်းအစီရင်ခံစာများ၊ ကြားကာလဖွဲ့စည်းခဲ့သည့် ပါတီရေးရာကော်မတီနှင့် ကရင်နီပြည်အစိုးရ ဌာနဆိုင်ရာ အစီရင်ခံစာများအား တင်သွင်းအတည်ပြုခြင်း၊ ပါတီ၏ အခြေခံမူလမ်းစဉ်နှင့်ဖွဲ့စည်းပုံဥပဒေ၊ ကရင်နီပြည်အစိုးရ၏ ဖွဲ့စည်းအုပ်ချုပ်ပုံနည်းဥပဒေများကို သုံးသပ်ပြင်ဆင်ခြင်းများအပြင် ရှေ့လုပ်ငန်းစဉ်များအားလည်း ချမှတ်ဆွေးနွေးခဲ့ပါသည်။

၃။ ပါတီကွန်ကရက်မှ ကြားကာလတွင် စစ်အာဏာရှင်နှင့် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေးအတွက် အခြားသောဘဝတူ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကရင်နီ ပြည်နယ်ကာကွယ်ရေးတပ်ဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့်ပူးပေါင်းဆောင်ရွက်သွားမည့်အပြင် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက်လည်း အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံအတွင်း အခြားသောအင်အားစုများနှင့် အတူကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးချမှတ်ခဲ့ပါသည်။ ထို့အပြင် ကရင်နီပြည်အတွင်း စစ်ကောင်စီ၏ ကရင်နီလူမျိုးများအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမှတ်တမ်းပြုစုပြီး လိုအပ်သည့် အရေးယူဆောင်ရွက်မှုလုပ်ငန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်သွားရန်အတွက် ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ခဲ့ပါသည်။

၄။ (၁၄) ကြိမ်မြောက်ပါတီကွန်ကရက်တွင် ပါတီဥက္ကဋ္ဌ တစ်ဦး၊ ပါတီဗဟိုကော်မတီဝင် (၁၈) ဦး၊ ပါတီအရံဗဟိုကော်မတီဝင် (၇) ဦးတို့ကို ပါတီဝင်များ၏ လျို့ဝှက်မဲဖြင့် ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။ ပါတီကွန်ကရက်မှ ပါတီဗဟိုကော်မတီများ၊ ပါတီအရံဗဟိုကော်မတီများ ရွေးချယ်တင်မြှောက်ပြီးနောက် ပထမဦးဆုံးအကြိမ် ပါတီဗဟိုကော်မတီအစည်းအဝေးတွင် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်း အတည်ပြုခဲ့ကြပါသည်။

| စဉ်။ | အမည် | တာဝန် |
|---|---|---|
| ၁။ | ခူဦးရယ် | ပါတီဥက္ကဋ္ဌ |
| ၂။ | အေဘယ်တွိဒ် | ပါတီဒုတိယ ဥက္ကဋ္ဌ |
| ၃။ | ခူပလူးရယ် | အထွေထွေအတွင်းရေးမှူး |
| ၄။ | ခူဒယ်နီယာ | အတွင်းရေးမှူး (၁) |
| ၅။ | အောင်ဆန်းမြင့် | အတွင်းရေးမှူး (၂) |
| ၆။ | စောခဲလေ | ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် |
| ၇။ | ခူတော်ရယ် (အက်စ်) | ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် |
| ၈။ | ခူညေးရယ် | ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် |
| ၉။ | စောလုသာသန်း | ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် |

(၁၄) ကြိမ်မြောက်ပါတီကွန်ကရက်

နေ့စွဲ။ ။၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်